# "ရှင်မသဲခရစ်ဝင်"
# Matthew 5:1-16

၁. ထိုလူအပေါင်းတို့ကို မြင်လျှင်၊ ကိုယ်တော်သည် တောင်ပေါ်သို့တက်၍ ထိုင်တော်မူသောအခါ၊ တပည့်တော်တို့သည် ကိုယ်တော်ရင်းသို့ ချဉ်းကပ်ကြ၏။

၂. ထိုအခါ နှုတ်တော်ကိုဖွင့်၍ တပည့်တော်တို့အား ဆုံးမဩဝါဒ ပေးတော်မူသည်မှာ၊

၃. စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်း နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။

၄. စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သက်သာခြင်းသို့ ရောက်ကြလတံ့၊

၅. စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။

၆. ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတံ့။

၇. သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကိုခံရကြလတံ့။

၈. စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။

၉. သူတပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။

၁၀. ဖြောင့်မတ်ခြင်းတရားကြောင့် နှောက်ရှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။အကြောင်းမူကား၊ ကောင်းကင် နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။

၁၁. ငါ့ကြောင့်သင်တို့ကို ကဲ့ရဲ့ညှင်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။

၁၂. ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။သင်တို့ရှေ့က ပေါ်ထွန်းသောပရောဖက်တို့ကို ထိုနည်းတူညှင်းဆဲကြပြီ။

၁၃. သင်တို့သည် ဤလောက၏ဆားဖြစ်ကြ၏။ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှတပါး အဘယ်အသုံးမျှမဝင်။

၁၄. သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်။

၁၅. ဆီမီးထွန်း၍ တောင်ဇလားအောက်၌ ဖုံးထားလေ့မရှိ။အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကို ရစေခြင်းငှာ ဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။

၁၆. ထိုနည်းတူ သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ၊ သူတပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့။